# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (September 22 - 30, 2024)

### စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၆၈ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၁၀ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၂ ဦး သေဆုံးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၁၈ ဦး၊ မန္တလေးတိုင်းတွင် ၁၄ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၇ ဦး၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတွင် ၃ ဦးစီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသူ ၉ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄၂ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

- မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ် ၂ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၅ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မန္တလေးတိုင်းတွင် နေအိမ် ၁၅ လုံးနှင့် ချင်းပြည်နယ်တွင် နေအိမ် ၁၀ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ် ၄ ခုတွင် စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း အရပ်သားပြည်သူ ၁၂၇ ဦး ဖမ်းဆီးခံခဲ့ရသည်။ မန္တလေးတိုင်းတွင် ၁၀၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၉ ဦး၊ ပဲခူးတိုင်းတွင် ၆ ဦးနှင့် မွန်ပြည်နယ်တွင် ၂ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ် ၉ ခုတွင် စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၈၁ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၃၈ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၃ ကြိမ်၊ မကွေးတိုင်းတွင် ၇ ကြိမ်၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ၆ ကြိမ်စီ၊ ကချင်ပြည်နယ်တွင် ၅ ကြိမ်၊ ချင်းပြည်နယ်တွင် ၄ ကြိမ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

**စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ**

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၄၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၇ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၆ ကြိမ်စီ၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၅ ကြိမ်စီ၊ ရခိုင်ပြည်နယ်တွင် ၃ ကြိမ်၊ ချင်းပြည်နယ်တွင် ၂ ကြိမ်၊ ပဲခူးတိုင်းတွင် ၁ ကြိမ် တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

စက်တင်ဘာလ နောက်ဆုံးအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၉၇ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၂ ဦး ကျဆုံးခဲ့ပါသည်။

# ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး


- ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်ရှိ စစ်ကောင်စီ ပြည်သူ့စစ်စခန်း၊ ချီဖွေရဲစခန်း၊ ၄ မိုင်စုပေါင်းဂိတ်စခန်း နှင့် စစ်ကောင်စီ ဗျူဟာကုန်းတို့ကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နှင့် (KPDF) ပူးပေါင်းတပ် က စက်တင်ဘာ ၂၈ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

- စက်တင်ဘာ ၃၀ ရက်တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ချီဖွေလမ်းပိုင်း၊ ရှငေါ်ရွာအနီးရှိ စစ်တပ် ၏ ပင်စခန်းနှင့် ကာကင်းစခန်း ၂ ခုကို KIA ၊ KPDF ပူးပေါင်း တပ်များက အပြီးသတ် တိုက်ခိုက် သိမ်းပိုက်လိုက်သည်။

## TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး


- ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့အခြေစိုက် ခမရ (၅၀၃) တပ်ရင်းကို TNLA က စက်တင်ဘာ ၂၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့ပြီး ကျန်နေသည့် ခမရ (၅၀၄) နှင့် ခလရ (၂၃) တွင် တိုက်ပွဲဆက်လက် ဖြစ်ပွားနေသည်။


**စက်တင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 22-30, September 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **BAGO** | 1 | | 5 | | | | 6 | | |
| **CHIN** | 2 | 4 | | | | | | | 10 |
| **KACHIN** | 11 | 5 | | | | | | | |
| **KAYIN** | | 1 | | | | | | | |
| **MAGWAY** | 6 | 7 | 15 | | | 3 | | | |
| **MANDALAY** | 5 | 6 | 28 | | 4 | 10 | 100 | | 15 |
| **MON** | | | | | | | 2 | | |
| **RAKHINE** | 3 | 6 | 5 | 2 | 3 | 19 | | | |
| **SAGAING** | 7 | 38 | 19 | | 1 | 17 | 19 | 2 | |
| **SHAN (North)** | 5 | 13 | | | 2 | 5 | | | |
| **SHAN (South)** | | 1 | | | | 1 | | | |
| **TANINTHARYI** | 6 | | 25 | | | 3 | | 1 | |
| **TOTAL** | **46** | **81** | **97** | **2** | **10** | **58** | **127** | **3** | **25** |

# Map of Myanmar Conflict ( September 22-30, 2024 )



## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

အာရက္ခတပ်တော် (AA) အပါအဝင် ချင်း၊ ရခိုင်နှင့် ကချင် ပြည်နယ်များမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ(NUG) တို့ကို ဖက်ဒရယ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အိန္ဒိယက ဖိတ်ခေါ်လိုက်ပါကြောင်း ရိုက်တာသတင်းကို ကိုးကားပြီး BDnews24 က သတင်း ဖော်ပြသည်။

စက်တင်ဘာ ၂၆ ရက်တွင် PDF အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်တပ်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ရေးအတွက် စစ်ကောင်စီမှ ဖိတ်ခေါ်ခဲ့ပါသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese.**